Burmese / မြန်မာ

# မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်များတွင် အပြောင်းအလဲများရှိသည်

## မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်ကို သိရှိထားခြင်းဖြင့် သင့်အသက်အား ကယ်တင်နိုင်သည်

မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်များကို ယခုအခါ နားလည်သဘောပေါက်ရန် ပိုမိုရိုးရှင်းပြီး လွယ်ကူပါသည်။ နောက်ဆုံးပေါ် သိပ္ပံနှင့်နည်းပညာ အသုံးပြုခြင်းဖြင့် ပိုင်ဆိုင်မှုများနှင့် အသက်များကို ကယ် တင်ရန် ပိုမို ရှင်းလင်းပြီး တိကျသည့် အဆင့်သတ်မှတ်ချက်တစ်ခုကို ချမှတ်ပေးထားသည်။

မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်များသည် မီး စတင်လောင်ကျွမ်းခဲ့လျှင် မီးလောင်ကျွမ်းမှု၏ နောက်ဆက်တွဲ ပြဿနာများကို ညွှန်ပြပါသည်။

အဆင့်သတ်မှတ်ချက် မြင့်မားလေ အန္တရာယ် အခြေအနေများ ပိုဆိုးလေဖြစ်သည်။




## သင်သိရန်လိုအပ်သည့်အရာများ

မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်များတွင် အဆင့်လေးဆင့်ရှိပြီး ယင်းတို့မှာ-

### အတော်အသင့်

**အစီစဉ်ရေးဆွဲပြီး ကြိုတင်ပြင်ဆင်ပါ**

**မီးလောင်ကျွမ်းမှု အများစုကို ထိန်းချုပ်နိုင်သည်။**

- မီးလောင်ခဲ့လျှင် နောက်ဆုံးသတင်းကို နားစွင့်ပြီး လုပ်ရမည်ကိုအသင့်ပြင်ထားပါ။

### မြင့်မား

**လုပ်ရမည်ကို အသင့်ပြင်ထားပါ။**

**မီးလောင်ကျွမ်းမှုများသည် အန္တရာယ်ရှိနိုင်သည်။**

- အန္တရာယ် ပိုမိုများသည်။ သင်နေထိုင်ရာအရပ်ဒေသတွင် မီးလောင်ကျွမ်းမှုများကို သတိထားနေပါ။
- မီးစတင်လောင်ကျွမ်းခဲ့လျှင် သင်ဘာလုပ်မည်ကို ဆုံးဖြတ်ပါ။
- မီးစတင်လောင်ကျွမ်းခဲ့လျှင် သင့် အသက် နှင့်အိမ်သည် အန္တရာယ်ရှိသည်။
- အလုံခြုံဆုံး နည်းလမ်းမှာ တောမီးလောင်ကျွမ်းနိုင်ခြေရှိသည့် နေရာဒေသများကို ရှောင်ရှားရန်ဖြစ်သည်။

### ပြင်းထန်

**သင့်အသက်နှင့်အိမ်အား ကာကွယ်ရန် ယခုပင် ဆောင်ရွက်ပါ။**

**မီးလောင်ကျွမ်းမှုများသည် အလွယ်တကူပျံ့နှံ့နိုင်သလို လွန်စွာ အန္တရာယ်များလှသည်**

- ၎င်းတို့မှာ အန္တရာယ်ရှိသော မီးဘေးအခြေအနေများ ဖြစ်သည်။
- သင်၏ တောမီးအစီအစဉ်အား စစ်ဆေးပြီး သင့်အိမ်သည် အလွယ်တကူ မီးလောင်နိုင်သည် ဟုတ်/ မဟုတ် စစ်ဆေးပါ။
- မီးစတင်လောင်ကျွမ်းလျှင် ချက်ချင်း အရေးယူ ဆောင်ရွက်ပါ။ သင်နှင့်သင့်အိမ်အား အကောင်းဆုံး ကြိုတင် ပြင်ဆင်မထားလျှင် မီးဘေးမသင့်မီ လုံခြုံစိတ်ချရသည့် နေရာ တစ်ခုသို့ ကြိုပြီးသွားထားပါ။
- တောမီးလောင်ကျွမ်းနိုင်ခြေရှိသည့်နေရာများမှ တစ်ဆင့်သွားရမည်ကို ပြန်စဉ်းစားပါ။

### ကြီးမား

**သင့်အဖို့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းရရန် အတွက် တောမီး လောင်ကျွမ်းနိုင်ခြေရှိသည့် နေရာဒေသများမှ စွန့်ခွာပါ။**

**မီးစတင်လောင်ကျွမ်းပြီး မီးရှိန်ပြင်းလာလျှင် အသက်များ ဆုံးရှုံးနိုင်ခြေရှိသည်။**

- ၎င်းတို့မှာ မီးလောင်ကျွမ်းမှု၏ အန္တရာယ်အရှိဆုံး အခြေအနေများဖြစ်သည်။
- သင့်အသက်သည် မီး စတင် မလောင်ကျွမ်းမီကတည်းကပင် သင ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်များအပေါ် မူတည်နိုင်သည်။
- ပိုမိုလုံခြုံစိတ်ချရသည့် နေရာတစ်ခုသို့ နံနက် အစောပိုင်း သို့မဟုတ် တစ်ညကြိုတင် သွားရောက်ခြင်းဖြင့် လုံလုံခြုံခြုံနေပါ။
- အိမ်များသည် ဤအခြေအနေများတွင် မီးလောင်ခြင်းအား မတောင့်ခံနိုင်ပါ။ သင့်အနေဖြင့် စွန့်ခွာရန်မဖြစ်နိုင်သလို အကူအညီရရှိကောင်း ရရှိနိုင်မည် မဟုတ်ပါ။

အချက်အလက် ပိုမိုရရှိရန် **fire.tas.gov.au** သို့ ဝင်ရောက်ကြည့်ရှုပါ။

Tasmania Fire Service

# မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်များကို နားလည်သဘောပေါက်ခြင်း

မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်များတွင် မီး စတင် လောင်ကျွမ်းလျှင် မီးလောင်ကျွမ်းခြင်း၏ နောက်ဆက်တွဲ ပြဿနာများကို ဖော်ပြထားသည်။ ၎င်းတို့ကို နားလည်မှုလွဲမှား ခြင်း ဖြစ်လေ့ရှိသော်လည်း မီးလောင်နိုင်ခြေကို မညွှန်းထားပါ။

မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်များကို မီး လောင်ကျွမ်းသည့် နေရာဒေသတစ်ဝိုက် ကြေညာလေ့ရှိ သည်။ ယင်းတို့မှာ ဒေသခံ အစိုးရ နယ်မြေများကို အခြေခံသည်။ သင့်အနေဖြင့် မီးလောင်ကျွမ်း နိုင်သည့် နယ်မြေများကို fire.tas.gov.au/fire-danger-rating/ တွင် ရှာဖွေနိုင်သည်။

အဆင့်သတ်မှတ်ချက်များကို မိုးလေဝသခန့်မှန်းချက်နှင့် မီးလောင်ကျွမ်းစေနိုင်သည့် အပင်ပေါက်လေ့ရှိသော နေရာတို့ကို ပူးတွဲသုံးသပ်၍ တွက်ချက်ထားသည်။

မီးဘေးအန္တရာယ် ‘မြင့်မား အဆင့်ရှိသောအခါ မီးသုံးစွဲမှု ခွင့်ပြုချက်များကို ဆိုင်းငံ့ထားနိုင်သည်။ မီးသုံးစွဲမှု ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို စိစစ်ပါ။

မီး လုံးဝ မသုံးစွဲရ တားမြစ်မိန့်များကို အန္တရာယ် ‘ပြင်းထန်နှင့် အထက်’ အဆင့်ရှိနယ်မြေများနှင့် သက်ဆိုင်လေ့ရှိသည်။

မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်များကို  သင်၏ တောမီး မှ လွတ်မြောက်ရေး အစီအစဉ်တွင် အရေးယူလုပ်ဆောင်ရမည့်ကိစ္စအတွက် လှုံ့ဆော်ချက် တစ်ခု အဖြစ် သုံးနိုင်သည်။

## သင့်နယ်မြေရှိ မီးဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်များကို အောက်ပါတို့တွင် ရှာဖွေနိုင်သည်-

- TFS ဝက်ဘ်ဆိုက်၊ fire.tas.gov.au/fire-danger-rating/ ကိုသွားရောက် ကြည့်ရှုခြင်း
- သင့် ဒေသတွင်း သတင်းများ နားထောင်ခြင်း
- သတင်းအချက်အလက် အရေးပေါ်တိုက်ရိုက်ဖုန်းလိုင်း 1800 000 699 ကိုဖုန်းခေါ်ဆိုခြင်း

## အချက်အလက်ပိုမိုရရှိရန်

TFS website **fire.tas.gov.au**

ဖေ့ဘွတ်ခ် **Tasmania Fire Service**

ဒေသခံ ABC ရေဒီယို၊

**TasALERT**